UNITED LEAGUE OF ARAKAN

# ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်

အမှတ်၊ (၁၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း (၁၄) ရက်

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်

## ဆင်ခြင်သတိထားကတ်ရန် ထုတ်ပြန်ကြေညာချက်

ရက္ခိုင်ပြည်၏မြို့နယ်တချို့တွင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ ထူးခြားဖြစ်စဉ်များကို ဆက်တိုက်တွိဟိလာရပါသည်။ ယင်းအပြင် လူမျိုးရီးပဋိပက္ခကို ဦးတည်စီနိုင်သော ဖြစ်စဉ်များကိုပါ ဆက်တိုက်တွိဟိလာနီရသည်။ လတ်တလော ထူးခြားဖြစ်စဉ်များမှာ-

(၁) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နိတွင် မြောက်ဦးမြို့နယ်၊ အောက်သကန်ကျေးရွာအတွင်း စပါးရိတ်သိမ်း ခြွေလှည့်စက် (၂) လုံးအား ရည်ရွယ်ချက်ဟိဟိဖြင့် ညည့်အချိန်၌ မီးတိုက်ဖျက်ဆီးခသော ဖြစ်စဉ်၊

(၂) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နိတွင် မြောက်ဦးမြို့နယ်၊ လောင်းကြက်ရွာနား၌ ရိတ်သိမ်းပြီး စုပုံထားသော စပါးစည်း (ကောက်လှိုင်းစည်း) များကို တသိတမင် ရည်ရွယ်ချက်ဟိဟိဖြင့် မီးတိုက်ဖျက်ဆီးခသော ဖြစ်စဉ်၊

(၃) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နိတွင်၊ ကျောက်တော်မြို့နယ်၊ တောင်ဘွယ်ကျေးရွာနား၌ ရခိုင်အမျိုးသမီးတစ်ဦးအား မူဆလင် (၂) ဦးမှ မုဒိမ်းကျင့်ရန် ကြံစည်အားထုတ်မှု ဖြစ်စဉ်၊

(၄) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နိ၊ ညည့်သိုင်ခေါင်အချိန်တွင် ဗူးမြို့၊ ရွာမရပ်ကွက်၊ မင်္ဂလာလမ်းဟိ မူလတန်း (လွန်) ကျောင်းအား မီးတိုက်သည့် ဖြစ်စဉ်၊

(၅) ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၄ ) ရက်နိတွင် ကျောက်ဖြူမြို့နယ် စည်မော်ကျေးရွာ၌ လယ်သမား (၃) ဦး ပိုင်ဆိုင်သည့် ရိတ်သိမ်းပြီးစ စပါးများကို ရည်ရွယ်ချက်ဟိဟိဖြင့် မီးတိုက်ဖျက်ဆီးခသော ဖြစ်စဉ်များ ဖြစ်ကတ်သည့်အပြင် အခြားသော ဖြစ်စဉ်တချို့လည်း ဟိခပါသည်။

ဤဖြစ်ရပ်များတွင် မူဆလင်ကျေးရွာနန့် နီးကပ်စွာတည်ဟိသည့် "လောင်းကြက်ရွာ" ကဲ့သို့ ကျေးရွာများအနားမှာ ဖြစ်ပွားခသောဖြစ်ရပ်များ ပါဝင်သည့်အပြင်၊ ရခိုင်ကျေးရွာများအတွင်း၌ပါ တပြိုင်နက်တည်း ရှိဆင့်နောက်ဆင့် တိုက်ဆိုင်စွာ ဖြစ်ပျက်ခပါသည်။ ဤသည်မှာ အဖွဲ့အစည်းတစ်ခုခုက မကောင်းသည့် ရည်ရွယ်ချက်တစုံတခုဖြင့် နိုင်ငံရီးလှုံ့ဆော်မှုအား နောက်ကွယ်မှ ကြိုးကိုင်ပြုလုပ်နီသည်ဟုလည်း သံသယဖြစ်စီပြီး၊ လုံခြုံရီးဆိုင်ရာစိုးရိမ်မှုများနန့်အတူ လူမျိုးရီးဆိုင်ရာပဋိပက္ခများသို့ ဦးတည်လားမည်ကိုလည်း စိုးရိမ်ဖွယ်ရာ ဖြစ်စီပါသည်။

ဖော်ပြပါဖြစ်စဉ်များသည် လတ်တလောတည်ငြိမ်နေသည့် ရက္ခိုင်ပြည်အား လူမျိုးရေးပဋိပက္ခများ ဖန်တီးပြီး ဒေသတွင်း ပဋိပက္ခများဖြစ်ပေါ်လာစေရန် တသိတမင်လုပ်ဆောင်နေသော လုပ်ရပ်၊ မတည်မငြိမ်မှုများကို ဖန်တီးလှုံ့ဆော်သော လုပ်ရပ်၊ စိုးရိမ်ထိတ်လန့်မှုများကို ရည်ရွယ်ချက်ဟီဟိဖြင့် ဖန်တီးသော လုပ်ရပ်များဟု ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် အနေဖြင့် ရှုမြင်သုံးသပ်မိပါသည်။

ထို့ကြောင့် ရပ်ရွာ၊ မြို့များ၌ဟိကတ်သည့် လူငယ်များအနေဖြင့် ပြည်သူ့အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနန့် မီးဖိုးအန္တရာယ်များ ကင်းဝေးစေရီးအတွက် မိမိရို့ရပ်ရွာ၊ မြို့များအတွင်း လူစိမ်းအဝင်အထွက် များအား သတိထားစောင့်ကြည့်ကတ်ရန် တိုက်တွန်းလိုက်ပါသည်။

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်တော်အနေဖြင့်လည်း ယင်းဖြစ်စဉ်ဖြစ်ရပ်များကို ပြည်သူများနန့် လက်တွဲပြီး သီချာစွာစုံစမ်းစစ်ဆီးလားမည်။ ထို့အတူ ပြည်သူ့လုံခြုံရီးကိုလည်း တာဝန်ယူလားမည်ဖြစ်ကြောင်း အသိပီးထုတ်ပြန်အပ်ပါသည်။

**ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်**

17/12/2021